# (၁၆) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲအတွက် အကောက်ခွန်ရှင်းလင်းရေး လမ်းညွှန်ချက်ဆိုင်ရာကောက်နုတ်ချက်များ

## အပိုင်း(၁)

- ❖ တရုတ်-အာဆီယံ ကုန်စည်ပြပွဲကာလအတွင်း တင်သွင်းလာသော ပြသမည့်ပစ္စည်းများအတွက် နန်နင်းအကောက်ခွန်ဌာနမှ စစ်ဆေးခြင်းဆိုင်ရာဗဟိုစီမံချက်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Nanning International Convention and Exhibition Center တွင် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ Nanning International Convention and Exhibition Center တွင် အထူးလုပ်ငန်းအဖွဲ့ရုံးအား ဖွင့်လှစ်ထားပြီး ပြပွဲအတွက် တင်သွင်းလာမည့်ကုန်စည်များနှင့်ပတ်သက်၍ အကောက်ခွန်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။
- ❖ ပြပွဲအတွက်ကုန်စည်များအား အကောက်ခွန်ရှင်းလင်းရေး လျင်မြန်စွာဆောင်ရွက်နိုင်ရန်နှင့် အချိန်မီပြင်ဆင်နိုင်ရန်အတွက် ပြသသူများအနေဖြင့် Agent များအား ကုန်စည်စာရင်းကို ကြိုတင်ပေးထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ Agent အနေဖြင့် ပြပွဲပစ္စည်းနှင့်ပတ်သက်သည့် ဝင်ခွင့်ဆိုင်ရာ သတင်းအချက်အလက်များအား ကြိုတင်အတည်ပြုထားရန်နှင့် ကြေညာလွှာလုပ်ထုံးလုပ်နည်းများနှင့်လျှောက်လွှာများအား မှန်ကန်မှုရှိစေရန် ကြိုတင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း။
- ❖ ပြသသူများအနေဖြင့် လေယာဉ်ဖြင့်လာရောက်ရာတွင်ပြသမည့်ပစ္စည်းအားမိမိတို့နှင့်တပါတည်း ယူဆောင်မည့် အာဆီယံမူဝါဒအား တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ကျင့်သုံးခြင်းမပြုရ၊ ပြည်ပမှ ပြသမည့်ပစ္စည်းများအား အထွေထွေကုန်စည်များနှင့်ပတ်သက်၍ အကောက်ခွန်ရှင်းလင်းရေးဆောင်ရွက်ပေးမည့် Agent များထံ ပေးပို့ရမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ပြသမည့်ကုန်စည်များအား မိမိတို့နှင့်တပါတည်းယူဆောင်လာပါက တရုတ်နိုင်ငံ၏ အကောက်ခွန်ရှင်းလင်းရေး၊ ဝင်ခွင့်စီမံခန့်ခွဲမှုများနှင့် သက်ဆိုင်သည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း မိမိဘာသာကြေညာလွှာတင်သွင်းခြင်း၊ အခွန်ပေးဆောင်ခြင်းစသည်တို့အား ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ❖ နန်နင်းလေဆိပ်တွင်လမ်းညွှန်ပေးရန်နှင့်ခရီးဆောင်အဖြစ်သယ်ဆောင်လာသည့် ပစ္စည်းများအား အကောက်ခွန်ရှင်းလင်းခြင်းဆောင်ရွက်ရာတွင် ကူညီရန်အတွက် ကုန်စည်ပြပွဲတာဝန်ခံရုံးနှင့် တရားဝင်ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုရုံးမှ ဝန်ထမ်းများအား တာဝန်ချထားပေးကြောင်း။

- တရုတ်နိုင်ငံ၏ အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ခြင်းမရှိသူများအား တရုတ်နိုင်ငံသို့ ဝင်ခွင့်ပြုမည်မဟုတ်သည့်အပြင် ကုန်ပစ္စည်းများအား သက်ဆိုင်ရာလေဆိပ်များမှတဆင့် ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း။
- ပွဲစီစဉ်သူနှင့် ၎င်း၏ကိုယ်စားလှယ်များအနေဖြင့် နန်နင်းကုန်စည်ပြပွဲစင်တာရှိ နန်နင်းအကောက်ခွန်ရုံးတွင် တင်သွင်းမှုကြေညာချက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ပြပွဲကာလအတွင်းရောင်းချခဲ့သည့် အသေးစားပစ္စည်းများအတွက် အကောက်ခွန်ရုံးတွင် ထောက်ခံချက်များတင်ပြရမည်ဖြစ်ပြီး သွင်းကုန်ခွန်များနှင့် အခြားအခွန်များပေးဆောင်ရမည် ဖြစ် ကြောင်း။
- ပြပွဲကာလအတွင်း သင့်တော်သောအရေအတွက်အား သွင်းကုန်ခွန်ပေးဆောင်ရန်မလိုဘဲ ရောင်းချခွင့်ပြုသော်လည်း ဥပဒေအရ သွင်းကုန်တန်ဖိုးမြင့်အခွန်နှင့် စားသုံးခွန်များအား ပေးဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း။
- ရေဒီယိုနှင့်ရုပ်မြင်သံကြားဆက်သွယ်ရေးစက်ကိရိယာများတင်သွင်းမှုအတွက် သတင်းထောက်များအနေဖြင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးမှ ထုတ်ပေးထားသည့် ထောက်ခံချက်လက်မှတ်ရှိရမည်ဖြစ်ကြောင်း။
- အမေရိကန်ဒေါ်လာ (၅၀၀၀) ထက်ပိုသော နိုင်ငံခြားငွေအား တရုတ်နိုင်ငံအတွင်း ယူဆောင်လိုပါက အကောက်ခွန်ရှင်းလင်းရာတွင် ရေးသားဖော်ပြရမည်ဖြစ်ကြောင်း။
- ပြပွဲကာလပြီးနောက် တရုတ်နိုင်ငံမှ ပြန်လည်ထွက်ခွာမည့်သူများအနေဖြင့် အမေရိကန်ဒေါ်လာ(၅၀၀၀) အောက်ရှိသော နိုင်ငံခြားငွေအား ပြန်လည် ယူဆောင်ခွင့်ပြုပြီး အမေရိကန်ဒေါ်လာ(၅၀၀၀)ထက်ပိုပါကအကောက်ခွန်တွင်ကြေညာလွှာပုံစံဖြည့်စွက်ရမည်ဖြစ်ကြောင်း။
- တရုတ်နိုင်ငံတွင်းသို့ ဝင်/ထွက်မည့် ခရီးသည်များအနေဖြင့် တရုတ်ယွမ်ငွေ (၂၀,၀၀၀) အားသယ်ဆောင်ခွင့်ရှိကြောင်း။
- ခရီးသည်များအနေဖြင့် ရွှေနှင့်ရွှေထွက်ပစ္စည်းများအား ကိုယ်ပိုင်အသုံးပြုရန် အတွက်သာ သင့်တော်သည့်ပမာဏဖြင့် သယ်ဆောင်ခွင့်ရှိကြောင်း။
- တရုတ်နိုင်ငံအတွင်းသို့ ခရီးသည်များသယ်ဆောင်လာသည့် ဘာသာရေးပုံနှိပ်စာအုပ်များနှင့် ရုပ်သံဖိုင်များအား ကိုယ်ပိုင်အသုံးပြုရန်အတွက်သာ ခွင့်ပြုသော်လည်း ကိုယ်ပိုင်အသုံးပြုမည့်ပမာဏထက်ပိုသောပစ္စည်းများအား သယ်ဆောင်ခွင့်မပြုကြေ

အလွတ်သဘော ဘာသာပြန်ဆိုချက်

**(၁၆) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲအတွက် အကောက်ခွန်စစ်ဆေးရေးဆိုင်ရာ**

**လမ်းညွှန်ချက်ကောက်နုတ်ချက်များ**

## အပိုင်း (၂)

- ❖ ပြပွဲတွင် ပြသမည့်ကုန်စည်များအတွက် ရောဂါပိုးမွှားကင်းစင်ရေးဆိုင်ရာ ကိစ္စရပ်များအား စုံစမ်းစစ်ဆေးနိုင်ရန်အတွက် နန်နင်းအကောက်ခွန်ဌာနမှ နန်နင်း၊ ကွေ့လင်၊ ပေးဟိုင် စသည့် လေဆိပ်များ၊ ပေးဟိုင်၊ ဖန်ချန်းကန် စသည့်ဆိပ်ကမ်းများနှင့် ဖျင်ရှန်၊ သုဦးရှင့် စသည့် ကုန်တွင်းနယ်စပ်ပေါက်များတွင် အထူးစစ်ဆေးရေးနေရာများ သတ်မှတ်ထား ကြောင်း၊ စစ်ဆေးမှုများဆောင်ရွက်နိုင်ရန်အတွက် ကိုယ်စားလှယ်ကုမ္ပဏီများ ငှားရမ်းထား ပါကြောင်း။
- ❖ စားသောက်ကုန်များ ထုတ်ပိုးရာတွင် စားသောက်ကုန်အမည်၊ ခင်းကျင်းပြသမည့်သူ၏ အမည်၊ နိုင်ငံ၊ ပြပွဲအမှတ်၊ ပြခန်းအမှတ်၊ အရေအတွက်နှင့် အလေးချိန်တို့ကို ဖော်ပြရမည်ဖြစ် ကြောင်း။
- ❖ ပိုးမွှားများပါနိုင်သည့် တိရစ္ဆာန်နှင့်အပင်၊ ကပ်ရောဂါနှင့် အခြားထိခိုက်စေ တတ်သောပိုးမွှား များ၊ တိရစ္ဆာန်အသေကောင်များ၊ မြေဆီမြေဆီမြေသြဇာများကို အထောက်အပံ့ပေးသည့် တိရစ္ဆာန်များနှင့်အပင်များစသည်တို့အား တရုတ်နိုင်ငံသို့တင်သွင်းခွင့်မပြုကြောင်း။
- ❖ ပြပွဲပြီးနောက် ပြသသည့်ပစ္စည်းအား တရုတ်နိုင်ငံအတွင်း၌ ရောင်းချလိုပါက ပြသသူ (သို့မဟုတ်) ၎င်း၏ကိုယ်စားလှယ်မှ e-CIQ စနစ်ဖြင့် တရားဝင် လျှောက်ထားရန်လိုပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။
- ❖ တရုတ်နိုင်ငံအတွင်းသို့ ပစ္စည်းများသယ်ယူလာမည့်သူများအတွက် စုံစမ်းစစ်ဆေးခြင်းဆိုင် ရာဆောင်ရွက်သွားမည့်သတင်းအချက်များအား http://www .caexpo.org တွင် ဖော်ပြ ထားကြောင်း။
- ❖ အပင်နှင့်တိရစ္ဆာန်များနှင့် ၎င်းတို့၏ဆက်စပ်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ စစ်ဆေးရန် လိုမည့်အခြားပစ္စည်းများအနေဖြင့် သက်ဆိုင်ရာပြည်နယ်အုပ်ချုပ် ရေးဌာနမှခွင့်ပြုချက်နှင့် တင်သွင်းမည့်နိုင်ငံ၏ သက်ဆိုင်ရာအာဏာပိုင်မှ ထုတ်ပေးသည့် ရောဂါပိုးမွှားကင်းစင် ကြောင်းထောက်ခံချက်တို့ပါရှိပါက ကန့်သတ်မရှိဘဲတရုတ်နိုင်ငံသို့သယ်ဆောင်နိုင်ကြောင်း။

**(၁၆) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲအတွက် လာရောက်ပြသမည့် ကျောက်မျက်ရတနာနှင့် အခြား ကုန်ပစ္စည်းများ တရားဝင်ပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့်အချက်များ**

- ❖ အဖိုးတန်ကျောက်မျက်ရတနာများကို တရုတ်နိုင်ငံနှင့်ကုန်စည်ပြပွဲလာရောက် ပြသမည့်နိုင်ငံမှ တရားဝင်တာဝန်ပေးအပ်ထားသော ထောက်ပို့သယ်ယူပို့ဆောင်ရေး ကုမ္ပဏီတို့ချိတ်ဆက်လျက် ကုန်စည်ပြပွဲကျင်းပရာနေရာအရောက် ပို့ဆောင်ရမည့်လုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံတစ်နိုင်ငံတည်းအပေါ်တွင်သာ ပြုလုပ်သည်မဟုတ်ဘဲ၊ ကျန်အာဆီယံနိုင်ငံများအပေါ်တွင်လည်း ဆောင်ရွက်ပါသည်။ ယခုအခါ အာဆီယံနိုင်ငံအချို့မှ ၎င်းတို့၏ အဖိုးတန်ကျောက်မျက်များကို စတင်ချိတ်ဆက်တင်ပို့နေပြီဖြစ်ပါသည်။
- ❖ ပစ္စည်းများအား ကုန်သေတ္တာတစ်လုံးတည်းတွင် ထည့်သွင်းလျက်တင်ပို့ပါက ကုန်ကျစရိတ်များစွာ သက်သာနိုင်ပါကြောင်း၊ တို့အပြင် လုံခြုံရေးကုဒ်နံပတ်များပါဝင်သော ခရီးဆောင်အိတ်များတွင် ထည့်သွင်းလျက် လေယာဉ်ကုန်သေတ္တာဖြင့်လည်း တင်ပို့နိုင်ပါသည်။
- ❖ ယခုနှစ်တွင် သယ်ဆောင်လာသည့် ကုန်ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုး အပေါ်အာမခံကြေး (Deposit) အဖြစ် အကောက်ခွန် (Customs Duty) ကို အပြည့်အဝ အရင်ပေးဆောင်ရမည်ဖြစ်ပြီး၊ (၆၅ မှ ၆၈ ရာခိုင်နှုန်းကြား) ရှိမည်ဖြစ်ပါကြောင်း၊ ပြပွဲတွင် မရောင်းရသည့်ပစ္စည်းများကို ပြန်လည်သယ်ဆောင်သည့်အခါ အကောက်ခွန်ထံမှ ကျသင့်သောအခွန်အခများပေးဆောင်၍ ပြန်လည်ထုတ်ယူနိုင်ပါသည်။
- ❖ အကောက်ခွန်တွင်ကြိုတင်ပေးသွင်းထားသည့်ငွေများအနက်မှပြန်အမ်းငွေကိုရရှိရန်လျှောက်ထားရမည်ဖြစ်ရာ ပြပွဲပြီးဆုံးသည့်အခါ ကျောက်မျက်လုပ်ငန်းရှင်များက ရက်အနည်းငယ်အကြာ ထပ်မံစောင့်ဆိုင်းရန် လိုအပ်ပါသည်။
- ❖ တစ်နိုင်တစ်ဆွဲ (hand carry) ဖြင့် သယ်ဆောင်လာပြီး အပ်နှံပါက လေဆိပ်ရှိ အကောက်ခွန်ဌာနတွင်စစ်ဆေးမှုပြုရမည်ဖြစ်ရာအချိန်ကြာမြင့်နိုင်သည့်အတွက်ပစ္စည်းပိုင်ရှင်များအနေဖြင့် (၇)ရက်ခန့် ကြိုတင်လာရောက်ရမည် ဖြစ်ပါသည်။ ကျောက်မျက်လုပ်ငန်းရှင်များသည် ပစ္စည်းများကို အစစ်ဆေးခံရန် ကြိုတင်ရောက်ရှိရမည့်နေ့ရက် (၇)ရက်နှင့် အကောက်ခွန်ဌာနထံမှ ပြန်အမ်းငွေကိုရရှိရန် ပြပွဲအပြီး(၇)ရက်ခန့် ထပ်မံနေရမည်ဖြစ်သဖြင့် ကုန်ကျစရိတ်များထပ်မံတက်နိုင်သဖြင့် လေယာဉ်ဖြင့် တင်ပို့သည့်နည်းလမ်းကို ရွေးချယ်ပါက ကုန်ကျစရိတ်ပိုမိုသက်သာနိုင်ပါသည်။
- ❖ (Hand Carry) ဖြင့် သယ်ဆောင်မည်ဆိုပါက ပါဝင်သည့်ပစ္စည်းစာရင်းကို တရုတ်ဘက်မှ ထောက်ပို့သယ်ယူပို့ဆောင်ရေးကုမ္ပဏီထံသို့ ကြိုတင်ပေးပို့ရန်လိုမည်ဖြစ်ပါသည်။ ကျောက်မျက်ရတနာမဟုတ်သည့်ကုန်သည်များကို တစ်နိုင်တစ်ဆွဲ (hand carry) နည်းလမ်းဖြင့်

သယ်ဆောင်လာမည်ဆိုပါက ကျောက်မျက်ပစ္စည်းများကဲ့သို့ပင် (၎င်းပစ္စည်းများအတွက် သတ်မှတ်ထားသော) အခွန်အခများ ပေးဆောင်ရမည်ဖြစ်ပါသည်။

- ❖ ကျောက်မျက်ရတနာမဟုတ်သည့် ကုန်စည်များကို မြန်မာဘက်မှ နန်နင်းရှိ စီးပွားရေးသံမှူးရုံးသို့ ပို့ဆောင်ရာတွင် ထုတ်ပိုးစာရင်း(packing list) နှင့် ကုန်ရောင်းပြေစာ (Invoice)နှင့် ပြသမည့်ပြခန်းနံပါတ်တို့ ပါဝင်ရမည်ဖြစ်ပါသည်။
- ❖ နန်နင်းရုံးမှ ကုန်စည်ပြပွဲကျင်းပရာ ပြခန်းတစ်ခုစီအတွင်းသို့ ထည့်သွင်းပေးနိုင်ရေးအတွက် ကုန်ကျစရိတ်မှာ Bondex Logistics Co.,Ltd မှ ယူသည့် ဝန်ဆောင်ခ-(၃) တန်ဆံ့ ကုန်တင်ကား (ယွမ်-၃၅၀)၊ (၅)တန်ဆံ့ ကုန်တင် ကား(ယွမ်-၆၀၀) နှင့် Sinotrans Guangxi Logistics Co.,Ltd မှ ယူသည့် ဝန်ဆောင်ခ အနည်းဆုံး (၁) ပေပတ်လည်ပုံး အရွယ်အစားရှိရမည်ဖြစ်ပြီး တစ်ပုံးလျှင် (၇၅ယွမ်) တို့ဖြစ်ပါသည်။
- ❖ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အနေဖြင့် နယ်စပ်မှတစ်ဆင့်တင်ပို့လာမည့် ကျောက်မျက်ရတနာမဟုတ်သော ကုန်ပစ္စည်းများ၏ပိုင်ရှင်များထံသို့ မိမိတို့၏ ကုန်စည်များကို နန်နင်းမြို့ရှိစီးပွားရေးသံမှူးရုံးမှ ပြပွဲသို့ Bondex Logistics Co.,Ltd နှင့် Sinotrans Guangxi Logistics Co.,Ltd စသည့် ကုမ္ပဏီနှစ်ခုအနက် သင့်လျော်သည့်သယ်ယူပို့ဆောင်ရေးကုမ္ပဏီတစ်ခုခုဖြင့် တင်ပို့ရေးစီစဉ်ရာတွင် ကျသင့်မည့်ကုန်ကျစရိတ်များကို အပြေအကျေ ကြိုတင်ပေးချေပါမည်ဟူသော ကတိကဝတ်ကိုရယူထားရန်နှင့် တရုတ်ဖက်မှ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်များကို၎င်းနေ့ရှိယွမ်ငွေနှင့်ကျပ်ငွေပေါက်ဈေးဖြင့်တွက်ချက်၍အကြောင်းကြားသည့်အခါ ငွေပမာဏအပြည့်အဝကို အချိန်မီလွှဲပို့နိုင်ရေးစီစဉ်ထားရှိစေရန် လိုအပ်ကြောင်း။